ကန့်သတ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၉.၁၂.၂၀၁၉)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။ ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ အင်းလေးကန်ဒေသထိန်းသိမ်း ကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

## နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့(၈.၂.၂၀၁၉)ရက်နေ့၌ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးတို့မှတင်သွင်းတဲ့ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁.၄.၂၀၁၄)ရက်နေ့နှင့် (၄.၉.၂၀၁၉)ရက်နေ့တို့တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ဥပဒေပြုရေးကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ နှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ် များသည် အဆိုပါဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍

စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ထို့အပြင် ပြည်သူလူထုအသံများပါဝင်ခြင်းဖြင့် ကောင်းမွန်သော ဥပဒေတစ်ခုဖြစ်ပေါ်လာစေ ရေးအတွက် နည်းဥပဒေ ၆၄ နှင့်အညီ ပြည်သူလူထုကြားနာပွဲကို ပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမ၌ (၅.၆.၂၀၁၉)ရက်နေ့မှ (၇.၆.၂၀၁၉)ရက်နေ့အထိ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အင်းလေးကန် ဒေသရေဝေရေလဲဒေသ (၁၀)မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုအသင်းအဖွဲ့များနဲ့ (၃)ရက်တာ ကျင်းပပြုလုပ်ခဲ့ရာ ဥပဒေကြမ်း အပေါ် ပြင်ဆင်သင့်သည့်အချက် (၄၆)ချက်၊ ဥပဒေမူကြမ်းနှင့်ပတ်သက်သည့် အကြံပြုချက် (၁၀၇)ချက် ရရှိခဲ့ပါတယ်။ ၎င်းနောက် ကော်မတီအစည်းအဝေးကို (၂၀.၁၁. ၂၀၁၉) ရက်နေ့ တွင် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကြားနာပွဲမှရရှိသည့် ရလဒ်များအပါအဝင် အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဤအကြံပြုချက် အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ် ပါတယ်။

## လေ့လာတွေ့ရှိချက်

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကဏ္ဍ (၄)၊ အပိုဒ် (ဌ)နှင့်အညီ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး၌ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးတို့မှ တင်သွင်းခဲ့ပါတယ်။ ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၉)ခန်း၊ ပုဒ်မပေါင်း (၂၃)ခုပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်း အလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များက သဘောတူ ဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်း ခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေး ဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းကို စာမျက်နှာ

အလိုက် တင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ အမှတ်စဉ်အလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ တင်ပြချက်။** ဥပဒေ (မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁) ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (က)အဖြစ် ပြည်နယ်ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ခ) အဖြစ် အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဂ) အဖြစ် ဝန်ကြီးဌာနဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ဤဥပဒေတွင် ပါရှိသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် အစိုးရအဖွဲ့က သတ်မှတ်ပေးသည့် သက်ဆိုင်ရာဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဃ) အဖြစ် ဝန်ကြီးဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော ဝန်ကြီးကို ဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(က)ကို ပုဒ်မ ၂(င) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ခ)ကို ပုဒ်မ ၂ (စ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဂ)ကို ပုဒ်မ ၂ (ဆ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဃ)ကို ပုဒ်မ ၂(ဇ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(င)ကို ပုဒ်မ ၂(ဈ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁)မှ(၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဆ) အဖြစ် အုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ကိုဆိုသည် ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဇ) အဖြစ် ဥက္ကဋ္ဌ ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည် ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဈ) အဖြစ် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးဆိုသည်မှာ ဤဥပဒေအရ ခန့်အပ်ထားသော အင်းလေးကန်ဒေသ အုပ်ချုပ်ရေးရုံးအဖွဲ့၏ အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးကိုဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ည) အဖြစ် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးရုံးအဖွဲ့ဆိုသည်မှာ အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးအဖွဲ့ကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(စ)ကို ပုဒ်မ ၂ (ဋ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဆ)ကို ပုဒ်မ ၂ (ဌ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဇ)ကို ပုဒ်မ ၂ (ဍ)အဖြစ်လည်းကောင်း၊ ပုဒ်မ၂(ဈ)ကို ပုဒ်မ၂(ဎ)အဖြစ်လည်းကောင်း၊ ပုဒ်မ၂(ည)ကို ပုဒ်မ ၂ (ဏ)အဖြစ်လည်းကောင်း၊ ပုဒ်မ၂(ဋ)ကို ပုဒ်မ၂(တ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဌ)ကို ပုဒ်မ ၂ (ထ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဌ)အဖြစ် သဘာဝနယ်မြေဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီဝင် အနေအထားများ တည်ရှိသည့်ဒေသများကို ရေရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ သတ်မှတ်သည့် နယ်မြေကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၇)မှ(၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၇)မှ (၁၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။**)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၃) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဍ) အဖြစ် သစ်တောနယ်မြေဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၄) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(တ) အဖြစ် ဂေဟစနစ်ဝန်ဆောင်မှုဆိုသည်မှာ ဂေဟစနစ်များ ရှင်သန်ရပ်တည်ရာမှ ရရှိလာသော လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိသည့် ဝန်ဆောင်မှုများကိုဆိုသည်။ ထောင်စုနှစ် ဂေဟစနစ်များ အကဲဖြတ်ချက်အရ ဂေဟစနစ် ဝန်ဆောင်မှုဖြစ်သည့် ပံ့ပိုးပေးခြင်း၊ အထောက်အကူပြုခြင်း၊ ထိန်းညှိပေးခြင်းနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံ ထိန်းသိမ်းခြင်းတို့ ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၅)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဒ) အဖြစ် အင်းလေးကန် ဘဏ္ဍာရေး စီမံခန့်ခွဲမှုကော်မတီဆိုသည်မှာ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် သတ်မှတ်ထားသော ဘဏ္ဍာရေး ရန်ပုံငွေများ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၁၆) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂(ဍ)ကို ပုဒ်မ ၂(ဓ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဎ)ကို ပုဒ်မ ၂(န) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(ဏ)ကို ပုဒ်မ ၂ (ပ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂(တ)ကို ပုဒ်မ ၂(ဖ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ် ရမည်။

အမှတ်စဉ် (၁၃)မှ(၁၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၃)မှ (၁၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။**)

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၇) ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(ခ)အဖြစ် ဒေသခံတိုင်းရင်းသားတို့၏ စာပေနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းစေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်းနှင့် စနစ်တကျပူးပေါင်းစီမံအုပ်ချုပ်မှုစနစ်ကောင်းတစ်ခု ထူထောင်ရရှိရန်ဟု ဖြည့်စွက် ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၁၈)ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(ဂ) အဖြစ် သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်မြှင့်တင်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၉) ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(ဃ)အဖြစ် အင်းလေးကန်ဒေသ ရေရှည် တည်တံ့သော ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည် မြင့်မားလာစေရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၀)ဖြစ်ပါတယ်။ အခန်း(၂) ပုဒ်မ ၃(င)အဖြစ် အင်းလေးကန်ဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှုကို သီးခြားလွတ်လပ်သည့် အုပ်ချုပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းဆောင်ရွက်ရန်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၂၁) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(က)အဖြစ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ၏ မူဝါဒများကိုအခြေခံ၍ အင်းလေးကန်ဒေသနှင့် ကိုက်ညီသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒကိုရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၂)ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(ခ) အဖြစ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ၏ မူဝါဒများကိုအခြေခံ၍ အင်းလေးကန်ဒေသနှင့်ကိုက်ညီသည့်ရေ သယံဇာတ မူဝါဒကိုရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ်(၂၃) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(င) အဖြစ် အင်းလေးကန်ဒေသ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခြင်းနှင့် ဒေသအတွင်းရှိ ဒေသခံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သမိုင်းဝင် အမွေအနှစ် ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟု ဖြည့်စွက် ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ် (၁၇)မှ(၂၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၇)မှ (၂၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ် အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၂၄) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(ဆ) အဖြစ် ဂေဟစနစ် ဝန်ဆောင်မှုများ ထိန်းသိမ်းပေးသည့် ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစနစ်ကို ဖော်ဆောင်ခြင်းနှင့် ဒေသခံပြည်သူလူထု၏

လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ မူလထက်သာလွန်ကောင်းမွန်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၅) ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄(ဇ)အဖြစ် အင်းလေးကန်ဒေသရှိ သဘာဝအရင်းအမြစ်များ၊ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်ပတ်သက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေပြီး ဂေဟစနစ်ကိုအခြေခံသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၆) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၅ အဖြစ် အစိုးရအဖွဲ့သည် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသော ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ ရှမ်းပြည်နယ်အင်းလေးကန်ဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာများတွင် ပတ်ဝန်းကျင်နှင့် သဟဇာတမျှတသည့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ရရှိရေး ဆောင်ရွက်ရန်အတွက် အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂၇) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၆ အဖြစ် အုပ်ချုပ်ရေးအဖွဲ့အား ဤဥပဒေထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း ဖွဲ့စည်းပြီး ဤဥပဒေအရ ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျေပွန်စွာထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၄)မှ(၂၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၄)မှ (၂၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည်အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၈) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၈ အဖြစ် အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းများကို ပီပြင်စွာ ဆောင်ရွက်နိုင်ရန် ရုံးချုပ်ကို ညောင်ရွှေမြို့နယ်တွင်ဖွင့်လှစ်၍ သင့်လျော်သည့်နေရာများတွင် ရုံးခွဲများ ဖွင့်လှစ်ရ မည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၉)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၁၀ ကို ပုဒ်မ ၉ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၀)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉(က)အဖြစ် အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ဝန်ကြီး — ဥက္ကဋ္ဌ
ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန သို့မဟုတ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ
တာဝန်ပေးအပ်သူ

(၂) အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး — ဒုတိယဥက္ကဋ္ဌ(၁)
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၃) ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၂)
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၄) အတွင်းရေးမှူး — အဖွဲ့ဝင်
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၅) အတွင်းရေးမှူး — အဖွဲ့ဝင်
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ — အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်

(၇) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် — အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(၈) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(၉) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)

(၁၀) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)

(၁၁) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(၁၄) အုပ်ချုပ်ရေးမှူး၊ ညောင်ရွှေမြို့နယ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၁၅) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အင်းလေးကန်၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သဘာဝဝန်းကျင်နှင့်
သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

(၁၆) လက်ထောက်ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၁၇) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာန

(၁၈) ဥက္ကဋ္ဌ အဖွဲ့ဝင်
ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးကော်မတီ

(၁၉) ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်(၅)ဦး — အဖွဲ့ဝင်များ

(၂၀) ဒေသခံလူထုကိုယ်စားလှယ် (၅)ဦး — အဖွဲ့ဝင်များ

(၂၁) ညွှန်ကြားရေးမှူး အစိုးရအဖွဲ့ရုံး၊ ရှမ်းပြည်နယ် — အတွင်းရေးမှူး(၁)

(၂၂) ညွှန်ကြားရေးမှူး ပြည်နယ်သစ်တောဦးစီးဌာန — အတွင်းရေးမှူး(၂)

(၂၃) ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ် (၁)ဦး — အတွင်းရေးမှူး(၃)

ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၁)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉ (ခ) အဖြစ် အောက်ပါအခြေအနေများတွင် အုပ်ချုပ်ရေးအဖွဲ့အတွင်းရှိ ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဒေသခံ လူထုကိုယ်စားလှယ်များ လစ်လပ်ပါက အစားထိုးခန့်အပ်ရမည်ဟု မှတ်ယူရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၂)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉(ခ)(၃)အဖြစ် အုပ်ချုပ်ရေးအဖွဲ့အား ခွင့်တိုင်ကြားခြင်းမရှိဘဲ အစည်းအဝေး (၃)ကြိမ်ဆက်တိုက် တက်ရောက်ရန် ပျက်ကွက်ခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၃)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉(ဂ)အဖြစ် အုပ်ချုပ်ရေးအဖွဲ့အတွင်းရှိ ဒေသခံလူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် ဒေသခံလူထုကိုယ်စားလှယ်များသည် အောက်ပါခံစားခွင့်များ ရပိုင်ခွင့်ရှိသည်-

(၁) ချီးမြှင့်ငွေ။

(၂) ခရီးစရိတ်။

ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၈)မှ(၃၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၂၈)မှ (၃၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

**ဦးသန်းထိုက်၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအင်းလေးကန်ထိန်းသိမ်းကာကွယ်ရေး ဥပဒေအနေနဲ့ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဥပဒေ(မူကြမ်း) တင်သွင်းတဲ့အခါမှာ လွှတ်တော် ကနေ သတ်မှတ်ကာလအတွင်းမှာ ဥပဒေပြင်ဆင်ချက်အဆိုကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်ပေးပို့ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်ပါတယ်။ အဓိက ဥပဒေအနေနဲ့ ကျွန်တော်တို့ အမှတ်စဉ်(၃၀)၊ အခန်း(၄) ပုဒ်မ ၉ (က) ဒါက အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားတဲ့ ပုဒ်မဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်အဆိုမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၁ (က) နိုင်ငံတော်၏ အချုပ်အခြာအာဏာခက်မ (၃)ဖြာ ဖြစ်သည့် ဥပဒေပြု ရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို ပြုရမည်ဟု ပြဋ္ဌာန်းပါရှိသည့်အပြင် ယခုအုပ်ချုပ်ရေးအဖွဲ့မှာ ပါဝင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဆိုရင် ဒါပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် လည်းဖြစ်တဲ့အပြင် ဒီအုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဥပဒေပြုရေး ကိုယ်စားလှယ်တွေ ပါဝင်သွားခြင်းအားဖြင့် အုပ်ချုပ်ရေးအဖွဲ့ရဲ့အောက်ကို ရောက်ရှိသွားသလိုလည်း ဖြစ်သွားမှာ ကိုလည်း ထင်မြင်လို့ ဖြစ်ပါတယ်။ ဒါ့ပြင်အုပ်ချုပ်ရေးအဖွဲ့မှာရှိတဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့မှာ ဒေသခံကိုယ်စားလှယ်၊ လူထုကိုယ်စားလှယ်များလည်း ပါဝင်နေတာ ကိုလည်း တွေ့ရှိရပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ မှာလည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် များသည် အထူးအလေးထား တိုင်ပင်အပ်သည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု

မှတ်ယူရမည်ဟုလည်း ပြဋ္ဌာန်းပါရှိတာဖြစ်တဲ့အခါမှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်ရန် အဆိုပြုချက်မှာ အုပ်ချုပ်ရေး အဖွဲ့အစည်းမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် တွေမပါတာကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ရန်အကြံပြုချက်ကို လွှတ်တော်ရဲ့ နည်းဥပဒေ ၁၄၄ အရ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူလိုပါတယ်။

**ဥက္ကဋ္ဌ။** ဒီနေရာမှာ ကျွန်တော်တို့က ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ရန် အကြံပြုချက်နဲ့ မူလအကြံပြုချက်နှစ်ခုကိုပဲ မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။

အမှတ်စဉ် (၃၀)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုကို ကိုယ်စားလှယ်က ကန့်ကွက်၍ ဥပဒေ(မူကြမ်း)ပါ ဖော်ပြသည့်အတိုင်းထားရှိရန် တင်ပြသွား ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ဥက္ကဋ္ဌကြီး ခင်ဗျား။ သူက ပြင်ဆင်ချက်မှာကော ပြဋ္ဌာန်းချက်မှာပါ မကွာဘူးဖြစ်နေပါတယ်။ ဥပဒေပြုရေး မဏ္ဍိုင်က ကိုယ်စားလှယ်တွေဟာ အုပ်ချုပ်ရေးမဏ္ဍိုင်ထဲ ဝင်နေတာကို ဆွေးနွေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** အဲ့တော့ ဘယ်အချက်ကို ပြင်ဆင်ချင်တာလဲ။ ကျွန်တော် အဖွင့်မှာလည်းပဲ ရှင်းလင်းထားပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ယခုမှပဲ မိမိသဘောနဲ့ ပြင်လို့ မရပါဘူး။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ထားတဲ့အချက် သို့မဟုတ် မူလ အတည်ပြုချက် ဒီနှစ်ခုကိုဘဲ ရွေးချယ်ခွင့်ရှိပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ကျွန်တော့်ကို အနည်းငယ်လေး ရှင်းပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေ(မူကြမ်း)နှင့် ပတ်သက်ပြီးမှ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကနေပြီးတော့မှ ဥပဒေပြင်ဆင်ချက်ကို အကြံပြုတဲ့ လွှတ်တော်ကိုယ်စားလှယ် တွေနဲ့ အစည်းအဝေးကျင်းပပြုလုပ်တာရှိပါတယ်။ အဲ့ဒီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအနေနဲ့ကလည်း ဒီအချက်ကို ဆွေးနွေးလို့ သဘောမတူဘူးဆိုရင် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူလို့ရပါတယ်လို့လည်း လမ်းညွှန်မှုပြု ထားတာလည်း တွေ့ရှိရတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ဒီအုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော် ကိုယ်စားလှယ်တွေမပါဝင်တာကို ကျွန်တော့်အနေနဲ့ ဒီဟာကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူလိုတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** အုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ်မပါရေးဟုတ်ပါသလား။ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အင်းလေး ကန်ဒေသအုပ်ချုပ်ရေးနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ရဲ့ ဥပဒေက အင်းလေးကန်ဒေသကို ထိန်းသိမ်းကာကွယ်ရေးဥပဒေ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးဥပဒေ မဟုတ်ဘဲနဲ့ ထိန်းသိမ်း ကာကွယ်ရေးဥပဒေဖြစ်တဲ့အတွက် ထိန်းသိမ်းကာကွယ်တဲ့နေရာမှာ ဟိုလူပါသင့်တယ်၊ ဒီလူ မပါသင့်ဘူး၊ ဒီလူက ဘာဖြစ်လို့၊ ဟိုလူက ဘာဖြစ်လို့ဆိုတဲ့ အနေအထားမျိုး တင်ဒါလုပ်ငန်း စည်းမျဉ်းတွေနဲ့ လုပ်တာမဟုတ်ပါဘူး။ အုပ်ချုပ်ရေးအဖွဲ့ အောက်မှာတော့ သီးခြားဘဏ္ဍာရေး ဆိုင်ရာကော်မတီကတော့ အုပ်ချုပ်ရေးအဖွဲ့ရဲ့ အဆုံးအဖြတ်အရ ဆောင်ရွက်တဲ့ကိစ္စဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်းသည် လူထုလူတန်းစားအားလုံးကို ပိုမိုကိုယ်စားပြုတဲ့၊ ပြည်သူလူထုက လေးစားရတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၄ အရ အလေးအမြတ်ပြုရမဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ဒီလိုထိန်းသိမ်းကာကွယ်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပါဝင်ပြီးတော့မှ ထိန်းသိမ်းရင် ပိုပြီးတော့မှ သင့်လျော်တယ်လို့ အကြံပြုချက်များ လက်ခံရရှိခဲ့ ပါတယ်။ ဒါကိုပြည်သူလူထုကြားနာပွဲမှာ ကျွန်တော်တို့ အားလုံးချပြရှင်းလင်း ဆွေးနွေးပြီး ဖြစ်ပါတယ်။ အခုကိစ္စကတော့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတည်းကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ် မပါရဘူးဆိုတဲ့ တင်ပြချက်သာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတင်ပြချက်ပေါ်မှာ မူတည်ပြီး လွှတ်တော်ဥပဒေပြုရေးကော်မတီ အနေနဲ့ ပါဝင်ခွင့်ရှိခဲ့တဲ့ လူထုလူတန်းစားအားလုံးရဲ့ သဘောဆန္ဒနဲ့ လွှတ်တော် ဥပဒေပြုရေး ကော်မတီကနေပြီးတော့ တင်သွင်းရခြင်းဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်များသည် ကျွန်တော်တို့ လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အဆင့်ဆင့်မှာ ခွင့်မပြုနိုင်ခဲ့တဲ့ ပါဝင်ခွင့်ကို ထည့်မပေးပါနဲ့ဆိုတဲ့ ကိစ္စဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ခွင့် ရနိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ ထည့်သွင်းဖွဲ့စည်းခဲ့ရခြင်းဖြစ်ပါတယ်။ ကိုယ်စားပြုတဲ့ နေရာမှာလည်း ပြည်သူလူထု ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ သက်ဆိုင်ရာနှစ်မြို့နယ်မှာ ဖယ်ခုံနဲ့ ညောင်ရွှေမြို့နယ်ဟာ အင်းလေးကန်နဲ့ ဆက်စပ်တဲ့ ဒေသကြီးနဲ့ ကျွန်တော်တို့ Core Zone လို့ခေါ်တဲ့

ပင်မဧရိယာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုသာ ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ဒီဥပဒေဟာ ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ရဲ့ ညောင်ရွှေမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကနေ တင်ပြတဲ့အခါမှာ လက်ရှိ ပြည်ထောင်စုလွှတ်တော်နာယကမှ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်မှာသာ ဆွေးနွေးရမဲ့၊ ပြင်ဆင်ပေးရမဲ့ ဥပဒေဖြစ်တဲ့အတွက် ပြန်လည်လွှဲပြောင်းလာခဲ့တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုလည်း လွှဲပြောင်းပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က နေပြီးတော့မှလည်း ဒီဥပဒေအပေါ်မှာ သုံးသပ်ချက်တွေနဲ့ ပြန်လည် ဆွေးနွေးတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်း၊ မပါဝင်ခြင်းသည် လွှတ်တော် ကိုယ်စားလှယ်များရဲ့ ပါဝင်ခွင့်ရနိုင်တဲ့ အဖွဲ့အစည်းတစ်ခုကို ဖွဲ့ပေးတာဖြစ်တဲ့အတွက် ကျွန်တော်တို့ကော်မတီအနေနဲ့ကတော့ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းပြီး လွှတ်တော် ကိုယ်စားလှယ်တွေ ပါဝင်လာရခြင်းဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မလို့ အခုလွှတ်တော်ရဲ့ အဆုံးအဖြတ်ဆိုတဲ့နေရာမှာလည်း မူလ ဥပဒေပြုရေး ကတည်းမှာကိုက ပါလာတဲ့အချက်ပေါ်မှာ ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကနေ ပြင်ဆင်ရန် အကြံပြုချက်သည် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးထားတဲ့ Result ဖြစ်ပါတယ်။ ကော်မတီရဲ့ Result မဟုတ်ပါဘူး။ ဒါကြောင့်မလို့ ဒါကိုမူလနဲ့ ပြင်ဆင်ရန် အကြံပြုချက်ပေါ်မှာပဲ နည်းဥပဒေ ၁၄၄ အရ ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ထားတဲ့အတိုင်းပဲကျွန်တော်တို့ အတည်ပြုမှာဖြစ်ပါတယ်။

**ဒေါက်တာထွန်းလှိုင်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်သဘောထားတစ်ခု တင်ပြပါရစေ။ အင်းလေးကန်ဒေသနဲ့ ပတ်သက်လို့ ဒီအဖွဲ့ ဖွဲ့စည်းတဲ့အထဲမှာ ကြည့်လိုက်တဲ့အခါမှာ ဌာနဆိုင်ရာဝန်ထမ်းများ ညွှန်ကြားရေးမှူးတွေ အများကြီးပါပါတယ်။ ဒီလူတွေဟာ အင်းလေးကန်ဒေသကို တစ်နှစ်မှ အနည်းကျဉ်းသာ ရောက်တဲ့သူတွေဖြစ်ပါတယ်။ အင်းလေးကန်ဒေသရဲ့ ဖွံ့ဖြိုးရေးနဲ့ စီမံခန့်ခွဲမှုဆိုင်ရာတွေနဲ့ ဖြစ်ပျက် နေတဲ့မြေပြင်အခြေအနေကို ဟုတ်တိပတ်တိ သိတာက လွှတ်တော်ကိုယ်စားလှယ်များသာ ဖြစ်ပါတယ်။ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ်များထည့်ထားတဲ့ ကိစ္စရပ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာလည်း

အုပ်ချုပ်ခွင့်ရတဲ့ဦးစီးအဖွဲ့တွေမှာ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်နေတာကို ကျွန်တော်တို့ တွေ့ရပါ တယ်။ Legislative Power နဲ့ Administrative Power ရယ် Judicial Power ရယ် ဒီသုံးခုဟာရောထွေးတာမဟုတ်ဘူးလို့ဘဲ ကျွန်တော်တို့ဟာ ယူဆပါတယ်။ အဆင်အပြေဆုံး ဖြစ်အောင် စီစဉ်ဆောင်ရွက်ထားတာလို့ဘဲ ကျွန်တော် ယူဆတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များပါဝင်ရေးနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ကတော့ ပါဝင်မှသာလျှင် အင်အားရှိပါမယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက ဆက်လက်တင်ပြပါ။ အမှတ်စဉ်ကို ဆက်လက်တင်ပြစေလိုပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၃၄) ဖြစ်ပါတယ်။ အခန်း(၅)အဖြစ် အုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဟု ဖြည့်စွက် သင့်ပါတယ်။

အမှတ်စဉ် (၃၅) ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၉ ကို အခန်း(၅) ပုဒ်မ ၁၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၃၆) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၀ အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏အမည်ကို အသုံးပြု၍ တရားစွဲဆိုခြင်းနှင့် တရား ရင်ဆိုင်ခြင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ပစ္စည်းလဲလှယ်ခြင်းနှင့် ကာလလွန်ပစ္စည်းများကို ရှင်းလင်း ဖယ်ရှားခြင်း၊ လုပ်ငန်းကန်ထရိုက်စာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်း၊ ဤဥပဒေအရ သတ်မှတ် ပြဋ္ဌာန်း ထားသော အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်ရမည့်လုပ်ငန်းများအား အကောင်အထည် ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆီလျော်သည့် အခြားလုပ်ငန်းများကို ဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ်(၃၇) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(က)အဖြစ် အင်းလေးကန်ဒေသ အတွင်း ပတ်ဝန်းကျင်နှင့် သဟဇာတမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် နိုင်ငံတော်က ပြဋ္ဌာန်းသတ်မှတ်ထားသော အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ပတ်ဝန်းကျင် ရေးရာ စီမံကိန်းများ၊ ဘက်စုံဖွံ့ဖြိုးရေးမူဝါဒများ၊ ရည်ရွယ်ချက်များကို အခြေခံ၍

အင်းလေးကန်ဒေသ ရေရှည်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ် ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက် နေမှုကို ကြီးကြပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၈) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဂ) အဖြစ် အင်းလေးကန်ဒေသ အတွင်းရှိ လူသားအရင်းအမြစ်၊ ရေအရင်းအမြစ်၊ ဇီဝမျိုးစုံမျိုးကွဲ၊ မြေအရင်းအမြစ်စသည့် သယံဇာတများကို အကျိုးရှိစွာ ရေရှည်ထုတ်ယူ အသုံးပြုနိုင်ရန်အတွက် ဒေသတွင်း ဆောင်ရွက်သော စီမံကိန်းနှင့် စီမံချက်များကို ဆောင်ရွက်ခြင်းမပြုမီ လိုအပ်ချက်များကို ဆန်းစစ်ခြင်း ပြုလုပ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ညွှန်ကြားရမည်ဟု ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ်(၃၉) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဃ) အဖြစ် အင်းလေးကန်ဒေသ အတွင်းရှိ သဘာဝရေအရင်းအမြစ်နှင့် မြေဆီလွှာတို့ ဆုံးရှုံးမှုမရှိစေရန်အတွက် သတ်မှတ် ပြဋ္ဌာန်း ထားသော ဥပဒေများကို ရေ၊ မြေအသုံးချသူများက လိုက်နာဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၄)မှ (၃၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၄)မှ(၃၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၀) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(စ) အဖြစ် အင်းလေးကန်ဒေသအတွင်း အစိုးရဌာနများ၊ ပုဂ္ဂလိကများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ

နှင့် လူမှုရေးအဖွဲ့ အစည်းများက ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အချင်းချင်း လုပ်ငန်းထပ်နေခြင်း မရှိစေရန် ကြီးကြပ်ညှိနှိုင်းပေးရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၁) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဈ) အဖြစ် ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနများနှင့်ညှိနှိုင်း၍ ဒေသအတွင်းရှိ စက်မှု၊ လက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ယာဉ်ယန္တရားများ၊ တည်းခိုခန်း၊ ဟိုတယ်နှင့် လူနေအိမ်ခြေများ စသည်တို့မှ ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုစံများသတ်မှတ်ပြီး၊ သတ်မှတ်ချက်နှင့် အညီ လုပ်ဆောင်နိုင်ရန် ကြီးကြပ်စစ်ဆေးခြင်းနှင့် တည်ဆဲဥပဒေများ နှင့်အညီ အရေးယူ ဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၂) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ည)အဖြစ် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေး အဖွဲ့အစည်းများသည် အင်းလေးကန်ဒေသအတွင်းတွင် လူမှုစီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါက ၎င်းလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့နှင့်ညှိနှိုင်းရမည်ဟု ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ် (၄၃) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ၁၁(ဋ)အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် ရှမ်းပြည်နယ်အဆင့်အစိုးရဌာနများ၏ အင်းလေးကန်ဒေသအတွင်း လူမှုစီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းများဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၀)မှ(၄၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၄၀)မှ (၄၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၄၄) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဌ) အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် တင်ပြညှိနှိုင်းလာသည့် လုပ်ငန်းအဆိုပြုလွှာများအပေါ်တွင် စိစစ်ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊ လိုအပ်ပါက လုပ်ငန်း အဆိုပြုလွှာများနှင့်အတူ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်နိုင်မှု ဆန်းစစ်ချက် အစီရင်ခံစာများနှင့် ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်မည့် စီမံချက်များ ပူးတွဲတင်ပြရန် အကြောင်းကြားရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၅) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဏ) အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် အင်းလေးကန်ဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေများ ပေါ်ပေါက် လာပါက ယင်းဒေသအတွင်းရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ပြည်ထောင်စု အဆင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း၍ ပတ်ဝန်းကျင် ဆိုင်ရာထိခိုက်မှုလျော့နည်းပပျောက်စေရန် ဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါ တယ်။

အမှတ်စဉ် (၄၆) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(တ)အဖြစ် အုပ်ချုပ်ရေးအဖွဲ့ သည် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းရန် လိုအပ်သော လုပ်ငန်းကော်မတီ၊ ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ရန် အတွင်းရေးမှူးများအား တာဝန်ပေး ညွှန်ကြားရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၄၇)ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဒ)အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် ရုံးအဖွဲ့၏ နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဝန်ထမ်းများခန့်ထားခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၄)မှ(၄၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၄)မှ(၄၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄၈) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(ဓ)အဖြစ် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးသည် စီမံကိန်းဝန်ထမ်းများခန့်ထားနိုင်ရန်နှင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ ရပိုင်ခွင့်နှင့် ပြစ်ဒဏ်များကို အုပ်ချုပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၉) ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၁(န) အဖြစ် အင်းလေးကန်ဒေသ ပင်မထိန်းသိမ်းရေးနယ်မြေ၊ ကြားခံနယ်မြေ၊ ရေဦးရေဖျားနယ်မြေများ သတ်မှတ်ပေးခြင်းကို သက်ဆိုင်ရာဒေသရှိ ပြည်သူလူထုထံ ချပြရှင်းလင်းခြင်း၊ နားလည်လက်ခံအောင် အသိပညာ ပေးခြင်းများ ဆောင်ရွက်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၅၀) ဖြစ်ပါတယ်။ အခန်း (၅) ကို အခန်း(၆) အဖြစ်၊ အခန်း (၆) ကို အခန်း(၇) အဖြစ်၊ အခန်း (၇) ကို အခန်း(၈) အဖြစ်၊ အခန်း (၈)ကို အခန်း(၉) အဖြစ်၊ အခန်း (၉) ကို အခန်း(၁၀) အဖြစ်ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၅၁) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၂ အဖြစ် အထွေထွေ မန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းများ၏ လစာ၊ ခရီးစရိတ်နှင့် ထောက်ပံ့ကြေးများကို အုပ်ချုပ်ရေးအဖွဲ့ ရန်ပုံငွေမှ ပေးချေရမည်။ ၎င်းတို့၏ သက်တမ်းသည် လုပ်ငန်းစာချုပ်ပါ သက်တမ်းအတိုင်း ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၂) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃ အဖြစ် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖြည့်စွက် ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ် (၄၈)မှ(၅၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၈)မှ(၅၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလားခင်ဗျား။ သဘောမတူသည့်သူမရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၅၃) ဖြစ်ပါ တယ်။ အခန်း(၆) ပုဒ်မ ၁၃(ဂ) အဖြစ် အုပ်ချုပ်ရေးအဖွဲ့မှ ခွဲဝေချထားပေးသော စီမံကိန်း ရန်ပုံငွေအား လျာထားချက်နှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်မှုကို အနီးကပ် ကြီးကြပ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၄) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃(ဃ) အဖြစ် ဒေသခံအဖွဲ့အစည်း များက တင်သွင်းလာသော လုပ်ငန်းအဆိုပြုလွှာများကို လက်ခံစိစစ်ရွေးချယ်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၅) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၁၃(င) အဖြစ် အထွေထွေမန်နေဂျာ သို့မဟုတ် ရုံးအဖွဲ့မှူး၏ စီမံခန့်ခွဲမှုဘောင်ထက်ကျော်လွန်သော စီမံကိန်းဆိုင်ရာ၊ ငွေကြေး ဆိုင်ရာ၊ ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာပါက အုပ်ချုပ်ရေးအဖွဲ့သို့ အချိန်နှင့် တစ်ပြေးညီ တင်ပြပြီး အဆုံးအဖြတ်ရယူခြင်းဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၆) ဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၁၄ အဖြစ် အင်းလေးကန်ဒေသ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများကို အောက်ပါအရင်းအမြစ်များမှ ရယူနိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၇) ဖြစ်ပါတယ်။ အခန်း (၇) ပုဒ်မ ၁၄(ဂ) အဖြစ် အင်းလေးကန်ဒေသ ပတ်ဝန်းကျင်အတွင်းရှိ ဟိုတယ်၊ စားသောက်ဆိုင်များနှင့် အခြားစီးပွားရေး လုပ်ငန်းရှင်များ ထံမှ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် လူမှုရေးအရ တာဝန်သိတတ်မှုနှင့် လှူဒါန်း ထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေ (CSR)ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၃)မှ(၅၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၃)မှ (၅၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူရှိပါသလားခင်ဗျား။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အပိုဒ် (၅၇) အခန်း (၇) ပုဒ်မ ၁၄(ဂ)တွင် အင်းလေးကန်ဒေသ ပတ်ဝန်းကျင်အတွင်းရှိ ဟိုတယ်၊ စားသောက်ဆိုင် များနှင့် အခြားစီးပွားရေး လုပ်ငန်းရှင်များထံမှ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် လူမှုရေး အရ တာဝန်သိတတ်မှုနှင့် လှူဒါန်းထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေ (CSR)ဟု ပါရှိပါတယ်ခင်ဗျား။ တကယ်တမ်းကျတော့ (CSR) Corporative Social Responsibility ဆိုသည်မှာ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီလုပ်ငန်းများအနေဖြင့် (must be) မဖြစ်မနေထည့်ဝင်ရတဲ့ ဝင်ငွေဖြစ်ပါတယ်။ လှူဒါန်းတဲ့ငွေ မဟုတ်ပါဘူး။ မိမိနာမည်ဖြင့် လှူဒါန်းသည့်ငွေမှာ မိမိနာမည်ဖြင့် လှူဒါန်းသည့်ငွေသာဖြစ်ပြီးတော့ ဒါသည် (CSR)လို့ သတ်မှတ်လို့ မရပါဘူး။ အဲ့တာကိုရောပြီး လူမှုရေးအရ တာဝန်သိတတ်မှုနှင့် လှူဒါန်း

ထောက်ပံ့မှု ဖြင့်ဆိုတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမည့် ဟာတွေကို လျှော်ဒါန်းထောက်ပံ့မယ်ဆိုပြီး ပြဆိုထားသည့်အတွက် တကယ်တမ်းမှာ (CSR)ဆိုသည်မှာ အပေါ်က လူမှုရေးအရ တာဝန် သိတတ်မှုဆိုတာနှင့်သာ သက်ဆိုင်ပြီး လှူဒါန်းထောက်ပံ့မှုနှင့် မသက်ဆိုင်ကြောင်းကို ရှင်းလင်းချင်ပါတယ်။ ဒါကြောင့် ပြင်ဆင်လို့ရမည်ဆိုပါက လူမှုရေးအရ တာဝန်သိတတ်မှု နောက်တွင် (CSR)ကိုထည့်ပြီး ဆက်ပြီးတော့ လှူဒါန်း ထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေဆိုပြီး ပြင်ဆင်ချင်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ သဘောထားပြောပါ။

**ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ကတော့ သီးခြား၊ ထူးထူးခြားခြား ပြောင်းလဲမှု မဟုတ်ပါဘူး။ လူမှုရေးအရ တာဝန်သိတတ်မှု (CSR)နှင့် လှူဒါန်းထောက်ပံ့မှုဖြင့် ထူထောင်ထားသော ရန်ပုံငွေလို့ ပြင်မယ်ဆိုရင်လည်း ဥပဒေ၏အနှစ်သာရ စာသားထိခိုက်မှုမရှိနိုင်ဟု တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ လူမှုရေးအရတာဝန်သိတတ်မှု (CSR)နှင့် လှူဒါန်း ထောက်ပံ့မှုလည်း ရှိကောင်းရှိနိုင်တာဖြစ်တဲ့အတွက် ထိုသို့ သုံးနှုန်းထားတာဖြစ်ပါတယ်။ အဲ့လိုဆိုလိုတာမလား။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လူမှုရေးအရသိတတ်မှုဆိုတာ ဥပမာအားဖြင့် ထွက်ရှိလာမည့် မိုင်းရှူးရတနာမြေရဲ့ ကျောက်မျက်ဥပဒေအသစ်မှာဆိုရင် CSR ဆိုတဲ့ ပိုက်ဆံက ကုမ္ပဏီတိုင်းရဲ့ Must be ထည့်ရတဲ့ (2% ဆို 2%) must be ထည့်ရပြီး ဒေသဖွံ့ဖြိုးရေးကို ပြန်လည်လုပ်ဆောင်ရတဲ့ ရန်ပုံငွေဖြစ်ပါတယ်။ တစ်ချို့ကျတော့ ကုမ္ပဏီတွေက ငါတို့လှူဒါန်းပါတယ်ဆိုပြီးတော့ မိမိနာမည်တပ်ပြီးတော့ ကျောင်း၊ တံတား၊ လမ်းတွေ လှူဒါန်းတာတွေက CSR ရန်ပုံငွေမမြောက်ပါဘူး။ အဲ့ဒါကို CSR နဲ့ ရောပြီးတော့ ပြောတာတွေ ရှိပါတယ်ခင်ဗျား။ အဲ့တာကြောင့် ကျွန်တော့်အနေဖြင့် ခွဲခြားနိုင်ရန် လူမှုရေးအရ တာဝန်သိတတ်မှုဆိုရင် နောက်မှာ CSR လို့ သုံးစွဲရမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးအရဆိုတဲ့ နောက်မှာ CSR စာသားပြန်ထည့်မှာလား။ အဲ့လိုဆိုဖြည့်လိုက်မယ်။ အမှတ်စဉ်(၅၃) မှ (၅၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများနှင့် အမှတ်စဉ်(၅၇)အား လွှတ်တော်မှ ပြင်ဆင်သည့်အတိုင်း အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၅၈) ဖြစ်ပါ တယ်။ အခန်း(၇) ပုဒ်မ ၁၇ အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် နှစ်စဉ်မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း၊ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုနှင့်အညီ အသုံးစရိတ်များကို သုံးစွဲနိုင်ရန် စစ်ဆေးကြီးကြပ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၅၉) ဖြစ်ပါတယ်။ အခန်း(၈) ခေါင်းစဉ်အဖြစ် အင်းလေးကန်ဒေသ အုပ်ချုပ်ရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၀) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၈ အဖြစ် အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများသည် တာဝန်အရ ဆောင်ရွက်ရာမှစုစည်းရရှိထားသော သတင်းအချက်အလက်များအား အုပ်ချုပ်ရေးအဖွဲ့၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲလည်းကောင်း၊ သက်ဆိုင်ရာတရားရုံးမှ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရာမှအပလည်းကောင်း ပြင်ပသို့ တစ်နည်းနည်းဖြင့် ပေါက်ကြားခြင်းမရှိစေရန် လိုက်နာဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၁) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၉ အဖြစ် အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော ဝန်ထမ်းများသည် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ လက်မှတ်ရေးထိုး ထုတ်ပြန်ထားသည့် သတ်မှတ်ဝန်ထမ်းစည်းမျဉ်းနှင့်အညီ တာဝန်ထမ်းဆောင်ရမည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆၂) ဖြစ်ပါတယ်။ ပုဒ်မ ၁၉ ကို ပုဒ်မ ၂၀ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၂၁ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၂ အဖြစ်၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၃ အဖြစ်၊ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၅၈)မှ(၆၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန်အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၅၈)မှ (၆၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၆၃) ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၂၀ အဖြစ် ဤဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်သော ဝန်ထမ်းသည် တည်ဆဲဥပဒေများနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့၏ အရေးယူခြင်းကို ခံယူရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၄) ဖြစ်ပါတယ်။ အခန်း(၉) ပုဒ်မ ၂၁ အဖြစ် အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြစ်မှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် အရေးယူနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၅) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၂ အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့က ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ ဥပဒေအရ အကူအညီ တောင်းခံလာလျှင် ကူညီပေးရမည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၆) ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၃ အဖြစ် အုပ်ချုပ်ရေးအဖွဲ့သည် အဖွဲ့၏တာဝန်နှင့် ဝတ္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ အင်းလေးကန်ဒေသ ရေဝေရေလဲဒေသအတွင်း နေရာဒေသ အခြေအနေအရ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၆၇) ဖြစ်ပါတယ်။ ဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၄ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ခ) အုပ်ချုပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၃)မှ(၆၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ်(၆၃)မှ (၆၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသူရှိပါသလား ခင်ဗျား။ သဘောမတူသူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ ပထမနေ့ (၈.၂.၂၀၁၉) ရက်နေ့၌ တင်သွင်းခဲ့သည့် အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားတဲ့အတိုင်း အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်က သဘောတူတဲ့အတွက် ဤဥပဒေတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။